## ဇန္နဝါရီ (၁၄)

### 'ဘုရားသခင်' မရှိဟုမိုက်သောသူသည်ထင်တတ်၏။ (ဆာလံ ၁၄း၁)

**ဖန်**ဆင်းထားသော အရာများကို ကြည့်ခြင်းအားဖြင့်ပင်လျှင် ဖန်ဆင်းရှင်ရှိကြောင်းကိုသိနိုင်သည်။ယုတ္တိရှိရှိနှင့်အကျိုးသင့်အကြောင်းသင့်ကြည့်လျှင်ပင် ဘုရားတစ်ဆူရှိနေကြောင်း ထင်ရှား သိသာသည်။ ရှုးသွပ်နေသောသူတစ်ဦးသာလျှင် ဤအရာအားလုံးက မတော်တဆ ဖြစ်ပေါ်လာခဲ့သည်ဟု ယုံကြည်ပေလိမ့်မည်။ သစ်ပင်များ၊ ငှက်များကိုသာကြည့်ခြင်းအားဖြင့် ယင်းတို့က မတော်တဆ ဖြစ်လာခဲ့ခြင်းမဟုတ်ကြောင်းသိသည်။ ဤအရာအားလုံးတွင် များပြားလှသည့် အစီအမံများ ပါဝင်လျက် ရှိနေသည်။ ဘုရားရှင်၏ ဘုန်းအာနုဘော်နှင့်ပြည့်စုံသော ဖန်ဆင်းခြင်းတစ်ခုလုံးက ကောင်းကင်ဘုံ၏ ဖန်ဆင်းပုံစံဆွဲသူ ရှိနေမှုအတွက် အစဉ်တစိုက် သက်သေခံချက်တစ်ခု ဖြစ်နေသည်။ "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည်ကမ္ဘာတည်သည့်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏" (ရောမ ၁း၂၀)

ဖန်ဆင်းခြင်းတစ်ခုလုံးက မမြင်ရသော ဘုရားသခင်၏တည်ရှိနေမှုကို သက်သေခံသော်ငြားလည်း ထိုသက်သေခံချက်ကို ယနေ့မြောက်များစွာသော သူတို့က လက်ခံရန်ငြင်းပယ်ကြခြင်းမှာ ၎င်းတို့အနေနှင့် အသိဉာဏ်ပညာပေးရန် ရွေးချယ်လိုက်သောကြောင့်ပင်ဖြစ်သည်။ သူ၏ တည်ရှိမှုကို ၎င်းတို့ဝန်ခံခြင်းမပြုလို။ သူ့ကို ဖယ်ရှင်းပစ်ခြင်ကြသည်။ သို့သော် ထိုသို့ပြုရန် ၎င်းတို့အနေဖြင့် ဤအရာအားလုံး မည်သို့ ရောက်ရှိဖြစ်ပေါ်လာခဲ့ကြောင်း အခြားရှင်းပြဖွင့်ဆိုချက်များ လိုအပ်လာသည်။ ထို့ကြောင့်စာတန်က သူတို့အားဆင့်ကဖြစ်စဉ်နှင့်ဆိုင်သော မိုက်မဲရှုးသွပ်သည့် အစီအစဉ်တစ်ခုကို လုပ်ကြံပေးလိုက်သည်။ "ထိုသူတို့သည် ဘုရားသခင်ကို မသိမမှတ် လိုသည်ဖြစ်၍ မလျောက်ပတ်သောအမှုကို ပြုစေမည့်အကြောင်း ဘုရားသခင်သည်သူတို့ကို မောဟလက်သို့ အပ်လိုက်တော်မူသည်။" (ရောမ ၁း၂၈)

သို့သော်လည်း ယုံကြည်သော ကျွန်ုပ်တို့က ဘုရားသခင်၏ လက်တော်နှင့် လုပ်ဆောင်သောအမှု၌ ထူးဆန်းအံ့ဩဖွယ်ရာကို ယုံကြည်ကြသည်။ သူ၏လက်ရာ၌သူ့ကို မြင်ကြ ရသည်။ သူဖန်ဆင်းသောအရာများအားဖြင့် ကျွန်ုပ်တို့သည် သူ့ကိုပိုနားလည်လာကြရပြီး သူ့အားဘုန်းအသရေ ချီးမြှောက်ခါ ကျေးဇူးတော်ချီးမွမ်းကြသည်။